# Mucormycosis ခေါ် မှိုရောဂါ

World Health Organization
Myanmar

**Mucormycosis ခေါ် မှိုရောဂါသည် မြူကိုမိုင်စီတီး (mucomycetes) ခေါ် မှိုအုပ်စုကြောင့်ဖြစ်ပွားသော ရှားပါးသော်လည်း ပြင်းထန်သည့် မှိုရောဂါတစ်မျိုးဖြစ်သည်။ ယခုအခါတွင် မှိုမည်းဟုခေါ်ဆိုနေကြသော်လည်း Mucormycosis ခေါ် မှိုရောဂါကို ဖြစ်စေသော မှိုမှာ အရောင်အမျိုးမျိုးရှိသည်။**

## ၁ မည်သူ ရောဂါဖြစ်နိုင်ခြေရှိပါသနည်း?

ထိုမှိုသည် လူအများစုတွင် အန္တရာယ်မပေးပါ။ အောက်ပါ လူအုပ်စုများတွင် ရောဂါခံစားရခြေ ပိုများသည်။

- ဆီးချိုရောဂါရှိသူများ၊
- ကင်ဆာရောဂါ ရှိသူများ၊
- ခုခံကျ ကာလသား ကူးစက် ရောဂါ (HIV/AIDS) ပိုးရှိသူများ၊
- ပြင်းအားမြင့် (သို့) အချိန်ကြာမြင့်စွာ စတီးရွိုက် (steroid) ဆေးများဖြင့် ဆေးကုသမှု ခံယူနေရသူများ၊
- အခြားအကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခံအားနည်းကြသူများ။

လတ်တလောတွင် Covid19 ရောဂါပိုးရှိသူအများစုတွင် Mucormycosis မှိုရောဂါရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ တွေ့ရှိရသည်မှာ Covid19 ကြောင့်လား (သို့) အခြား အကြောင်းကြောင့်လား ဆိုသည်ကို ယခုအခါ မသိရသေးပါ။

## ၂ ရောဂါဘယ်လို ပြန့်နှံ့ ကူးစက်ပါသလဲ?

- ပတ်ဝန်းကျင်နေရာအနှံ့တွင် မှိုများကို တွေ့ရှိရပြီး လူအများစုသည် မှိုများကို အသက်ရှူရင်း မည်သို့မျှ မခံစားရဘဲ ဝင်လေနှင့်အတူ ရှူသွင်းမိကြသည်။
- ကိုယ်ခံအားနည်းကြသူများတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် မှိုများကို ရှူသွင်း မိသည့်အခါ နှာခေါင်း၊ အာခေါင်၊ အဆုတ်တို့တွင် မှိုရောဂါ ဖြစ်ပွားသည်။
- အချို့သောသူများတွင် အရေပြားရောဂါ ရှားရှားပါးပါး ဖြစ်တတ်သည်။ အရေပြားရောဂါသည် အများအားဖြင့် အရေပြား ပေါက်ပြဲဒဏ်ရာ ရရှိပြီးမှသာ ဖြစ်ပွားတတ်ပါသည်။
- ထိုရောဂါသည် လူ တစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့ခြင်း မရှိပါ။
- အချို့သောရှားပါးဖြစ်ရပ်များတွင် အစာအိမ်နှင့် အူလမ်းကြောင်း တွင် မှိုရောဂါ ဖြစ်ပွားသည်ကို တွေ့ရှိရသည်။

## ၃ ရောဂါဖြစ်ပွားသည်ကို မည်ကဲ့သို့ သတိပြုမိနိုင်သနည်း?

Mucormycosis ခေါ် မှိုရောဂါဖြစ်လျှင် တွေ့ရလေ့ရှိသော ရောဂါလက္ခဏာအချို့မှာ

- အများအားဖြင့် ဘယ် (သို့) ညာဘက် တစ်ဖက်ခြမ်း မျက်နှာ (သို့) မျက်လုံး ယောင်ယမ်းခြင်း၊
- အများအားဖြင့် ဘယ် (သို့) ညာဘက် တစ်ဖက်ခြမ်း မျက်နှာနာခြင်း (သို့) ခေါင်းကိုက်ခြင်း၊
- အများအားဖြင့် ဘယ် (သို့) ညာဘက် တစ်ဖက်ခြမ်း မျက်လုံး နီရဲခြင်း၊
- နှာခေါင်းပေါ် (သို့) ပါးစပ်ပေါ်တွင် အမည်းရောင် ပျဉ်ချပ် အလိုက် ပေါ်လာခြင်း၊ ထိုကဲ့သို့ ပေါ်လာပါက ကျန်းမာရေး စောင့်ရှောက်ပေးသူထံသို့ အမြန်ဆုံး ပြသပါ။
- ဖျားခြင်း၊

ဖျားခြင်း၊ ခေါင်းကိုက်ခြင်းတို့ကဲ့သို့ ရောဂါလက္ခဏာများမှာ Covid19 အပါအဝင် အခြားသောရောဂါများတွင် တွေ့ရလေ့ရှိသော ရောဂါလက္ခဏာများလည်း ဖြစ်ကြသည်။ Mucormycosis ခေါ် မှိုရောဂါ အတည်ပြုရန်အတွက် ဓါတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ရန် လိုအပ်သည်။ သင့်အနေဖြင့် (အပိုင်း ၁ တွင် ဖော်ပြထားသော) ရောဂါခံစားရနိုင်ခြေပိုများသော အုပ်စုတွင်ပါဝင်ပြီး အထက်ပါ ရောဂါလက္ခဏာများ ခံစားရပါက ကျန်းမာရေးစောင့်ရှောက်ပေးသူ (ဆရာဝန်)ထံ ပြသတိုင်ပင်ပါ။

## ၄ Mucormycosis ခေါ် မှိုရောဂါကို မည်ကဲ့သို့ ရှာဖွေတွေ့ရှိနိုင်သနည်း?

**ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) အနေဖြင့် ရောဂါအတည်ပြုနိုင်မည့်နည်းလမ်းများမှာ**

- ဓါတ်ခွဲစမ်းသပ်ရန်အတွက် နှာခေါင်း (သို့) အာခေါင်တွင်းမှ နမူနာ ရယူခြင်း၊
- အနုကြည့်မှန်ပြောင်းဖြင့် မှို စစ်ဆေးတွေ့ရှိခြင်း (သို့) မှိုပိုး မွေးမြူရာတွင် ပေါက်ပွားသည်ကို တွေ့ရှိရခြင်း၊
- လိုအပ်ပါက ဦးခေါင်း၊ အာခေါင်နှင့် နှာခေါင်းတွင်း မှန်ပြောင်းထည့်ပြီး ကြည့်ရှုခြင်း (သို့) ပုံရိပ်ဖမ်းပြီး scan လုပ်ခြင်း၊

## ၅ မည်ကဲ့သို့ ကုသနိုင်မည်နည်း?

ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်)၏ အကြံဉာဏ်အတိုင်း တိတိကျကျလိုက်နာပါ။

- Mucormycosis ခေါ် မှိုရောဂါကို မှိုရောဂါ ကုသဆေးဖြင့် ကုသနိုင်သည်။ ထိုဆေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေးသူ (ဆရာဝန်) ညွှန်ကြားချက်အတိုင်းသာ သောက်သုံးရပါမည်။
- တစ်ခါတစ်ရံ နှာခေါင်းနှင့် မျက်လုံး တစ်ဝိုက်တွင် ဖြစ်ပွားသော မှိုရောဂါကို ခွဲစိပ်ကုသရန် လိုအပ်တတ်သည်။
- မှိုရောဂါကုသဆေးကို နည်းလမ်း မှန်ကန်စွာ သောက်သုံးခြင်း မပြုပါက ဆိုးကျိုးများ ခံစားရတတ်သဖြင့် မိမိသဘောဖြင့် သောက်သုံးခြင်း မပြုရပါ။

## ၆ ကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ကို မည်ကဲ့သို့ ကာကွယ်နိုင်မည်နည်း?

ကျန်းမာရေးကောင်းသော လူအများစုတွင် ဤမှိုရောဂါခံစားရနိုင်ခြေ အလွန်နည်းပါးသည်။ Mucormycosis ခေါ် မှိုရောဂါအတွက် ကာကွယ်ဆေး မရှိပါ။ (အပိုင်း ၁ တွင် ဖော်ပြထားသော) ရောဂါခံစားရနိုင်ခြေ ပိုများသော အုပ်စုတွင် ပါဝင်သူများအနေဖြင့် မိမိကိုယ်ကို ရောဂါဖြစ်ပွားမှုမှ လျော့နည်းစေရန် ပတ်ဝန်းကျင်တွင်၊

- ဆောက်လုပ်ရေး လုပ်ငန်းခွင်ကဲ့သို့သော ဖုန်ထူသည့် နေရာများကို ရှောင်ကြဉ်ပါ။
- စိုစွတ်မှောင်မည်းသော အဆောက်အဦများ ဥပမာ– ရေကြီးရေလျှံခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်းကြောင့် ပျက်စီးသွားသော အဆောက်အဦများကို ရှောင်ကြဉ်ပါ။
- မြေကြီးနှင့် အနီးကပ် ထိတွေ့ ကိုင်တွယ်ခြင်းကို ရှောင်ကြဉ်ပါ။
- အပြင်ထွက်ပါက ခြေလက်များကို ဖုံးအုပ်သော အဝတ်အစားများ လုံခြုံအောင် ဝတ်ဆင်ပါ။
- အရေပြား အနာဖြစ်ပါက ဆပ်ပြာနှင့်ရေ အသုံးပြုပြီး ဒဏ်ရာရသော နေရာအား သန့်ရှင်းအောင် ဆေးကြောပါ။